ပုဏ္ဏားနက္ခတ်ဗေဒင်ဆရာကြီး ဦးရာမ၏သား

# ဆရာဒဂုန်

# စမပန်းချီ

## *The Mistical Art of Sama*

(၂၀၀၇ ခုနှစ်တွင် ရရှိခဲ့သော လောကီပညာပါရဂူဘွဲ့ယူ စာတမ်းမှ)



ဝေဒင်္ဂါစာအုပ်သစ်

# စမပန်းချီ

## The Mistical Art of Sama

ပုဏ္ဏားပေဒင်နက္ခတ်ဆရာကြီး ဦးရာမ၏ သား

**ဆရာဒဂုန်**

ပြုစုသည်

**မူပိုင်ရှင်**

ဒေါ်လှလှအေး

၁၂/မဂတ (နိုင်) ၁၄၈၈၃၁

# စမပန်းချီ

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူကြိုတင်ခွင့်ပြုအမှတ် | ◆ | ၄၀၀၂၈၆၀၃၀၉ |
| မျက်နှာဖုံးကြိုတင်ခွင့်ပြုအမှတ် | ◆ | ၄၀၀၅၅၀၆၀၉ |
| အကြိမ် | ◆ | ပထမအကြိမ် |
| အုပ်ရေ | ◆ | ၁၀၀၀ အုပ် |
| တန်ဖိုး | ◆ | ၁၀၀၀ ကျပ် |
| ပုံနှိပ်လ | ◆ | **၂၀၁၀ ခုနှစ်၊ ဇက်တင်ဘာလ** |
| ကွန်ပျူတာ | ◆ | မတင်တင်ဌေး |
| အတွင်းဖလင် | ◆ | ကိုရဲဌေး (နေသစ်) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ◆ | သီရိမေပုံနှိပ်တိုက် |

ဒေါ်နီနီခိုင်(မြ-၀၇၁၃၅)၊ ၁၉(ဝဲ)၊ မြေညီထပ်၊ လမ်း ၉၀ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| ထုတ်ဝေသူ | ◆ | သမီးဇောတိကစာပေ |

ဒေါ်ခင်သဇင် (မြ-၀၃၇၄၂)၊ အမှတ် ၁၇၅၊ သိမ်ဖြူလမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| စီစဉ်သူ | ◆ | ခင်မေရွှန် |

ဒဂုန်ဆရာ ၇၅၀

စမပန်းချီ

ဆရာဒဂုန် ။ ရန်ကုန်။

သမီးဇောတိကစာပေ ၊ ၂၀၀၉။

၃၇၉-စာ ၉၉ မျက်နှာ ၊ ၁၃.၅×၂၂.၅ စင်တီ

(၁) စမပန်းချီ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အမှာစကား | ၉ |
| ၂။ | ကြီးလေးကြီးစမပန်းချီ | ၁၂ |
| ၃။ | စ ခ ဗ ဝ စမပန်းချီ | ၁၅ |
| ၄။ | တိရစ္ဆာန်စမပန်းချီ | ၂၀ |
| ၅။ | လိပ်ပြာစမပန်းချီ | ၂၀ |
| ၆။ | ငှက်စမပန်းချီ | ၂၁ |
| ၇။ | ဂဠုန်ငှက်စမပန်းချီ | ၂၃ |
| ၈။ | နံပြည်စုတ်ငှက်စမပန်းချီ | ၂၃ |
| ၉။ | ကြက်တူရွေးစမပန်းချီ | ၂၄ |
| ၁၀။ | ကြက်စမပန်းချီ | ၂၅ |
| ၁၁။ | ခြသေ့[illegible]ပန်းချီ | ၂၆ |
| ၁၂။ | ကြွက်စမပန်းချီ | ၂၆ |
| ၁၃။ | ကျားစမပန်းချီ | ၂၇ |
| ၁၄။ | ကြောင်စမပန်းချီ | ၂၈ |
| ၁၅။ | ကျားဆစ်ပိုင်းစမပန်းချီ | ၂၉ |
| ၁၆။ | ပဍ္ဍရူပစမပန်းချီ | ၂၉ |
| ၁၇။ | မြွေနဂါးစမပန်းချီ | ၃၀ |
| ၁၈။ | ထူးခြားတဲ့စမပန်းချီ | ၃၁ |
| ၁၉။ | မျောက်စမပန်းချီ | ၃၂ |
| ၂၀။ | လူခြသေ့စမပန်းချီ | ၃၂ |
| ၂၁။ | မယ်တော်စမပန်းချီ | ၃၄ |
| ၂၂။ | ဘီလူးစမပန်းချီ | ၃၉ |
| ၂၃။ | သူရဿတီစမပန်းချီ | ၄၁ |
| ၂၄။ | နတ်ဒေဝတာစမပန်းချီ | ၄၃ |

၂၅။ ဇော်ဂျီပုံစမပန်းချီ ၄၉
၂၆။ ဖြဟ္မာပုံစမပန်းချီ ၅၆
၂၇။ ဝိဇ္ဇာစမပန်းချီ ၅၈
၂၈။ နတ်ဝိဇ္ဇာစမပန်းချီ ၆၂
၂၉။ ရသေ့စမပန်းချီ ၆၄
၃၀။ အဖိုးတန်တဲ့စမပန်းချီများ ၆၈
၃၁။ ထိုင်ရတဲ့နတ်စမပန်းချီ ၆၈
၃၂။ ရပ်နေတဲ့နတ်စမပန်းချီ ၇၆

# ဝန်ခံပါသည်

ဤစမပန်းချီစာအုပ်မှာ ၂၀၀၇ ခု၊ ဖေဖော်ဝါရီလက ရရှိခဲ့သော လောကီပညာပါရဂူဘွဲ့ယူစာတန်းဖြစ်သော The Mistical Art of Sama ကျမ်း၏ အစိတ်အပိုင်းကို ပြန်လည်ရေးသားထားကြောင်း ဝန်ခံအပ်ပါသည်။

ဆရာဒဂုန်



လောကီပညာပါရဂူဘွဲ့ကိုအပ်နှင်းခြင်း ခံရစဉ်က (အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်ဘုရင်ခံချုပ်က ချီးမြှင့်ခဲ့ပါသည်)
(၁၃.၂.၂၀၀၇)


ESTD-1975

SERIAL NO. BTS/ 4/07

30TH INTERNATIONAL CONFERENCE ON ORIENTAL HERITAGE 2007 A.D.

UNDER THE AEGIS OF

BANGIYA TANTRIK SAMAJ

(REGISTERED BY GOVT. OF WEST BENGAL SINCE NINETEEN SEVENTY FIVE)
Office : 8 ASHUTOSH SEAL LANE, KOLKATA-700009

CERTIFICATE FOR HONY. DOCTOR OF TANTRA

In recognition of his/her meritorious services and outstanding contributions to the cause of research and development of Tantra Sastra and also in consideration of his/her selfless devotion for the propagation, modernisation and popularisation of this branch of ancient Indian knowledge, Bangiya Tantrik Samaj takes the pleasure in conferring **Hony. Doctor of Tantra (Ph.D.)** on Shri/Smt. *Mr. Saya Dagon, Yangon, Myanmar,* on the occasion of the 30th Annual International Conference on Oriental Heritage at Mahajati Sadan Auditorium, Kolkata on this 13th day of February, Two Thousand and Seven A.D. The Institute deems it a proud privilege to confer upon him/her this honour and wishes him/her all-round prosperity and long brilliant life.

Gopal Chakraborty
General Secretary

Mahamohopadhyay Murari Mohan Vedantadirtha Sastri
President, Conference Session

Dr. Ramkrishna Sastri
Founder President

လောကီပညာပါရဂူဘွဲ့လက်မှတ်



ဤကျမ်းကိုပြုစုသူ ဆရာဒဂုန်

## အမှာစကား

အင်မတန်မှ ခေတ်မီတိုးတက်ပြီး သိပ္ပံနည်းပညာတွေ အံ့မခန်းဖြစ်ထွန်းနေတဲ့ အိုင်တီခေတ်မှာ ခင်ဗျားတို့မသိသေးတဲ့၊ မမြင်ဖူးတဲ့ ခင်ဗျားတို့ဆီမှာမရှိခဲ့တဲ့ အတတ် ပညာရပ်တစ်ခုနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ဒီစာအုပ်ဖတ်နေကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ပန်းချီပညာရပ်နဲ့ စတ်သက်လို့ ပေါက်မြောက်အောင်တတ်ကျွမ်းတဲ့ လူတွေလည်း ပါပါမယ်။ နဲနဲပါးပါး သဘောပေါက်တဲ့လူတွေလည်း ရှိမှာပါ။

သဘာဝပုံ၊ လူပုံ၊ ယောကျ်ားမိန်းမပုံ၊ ရှုခင်းပုံ၊ သူတော်စင်တွေရဲ့ပုံ၊ တိရစ္ဆာန်မျိုးစုံရဲ့ပုံတွေကို နည်းလမ်းအသွယ်သွယ်နဲ့ ရေးဆွဲထားကြတဲ့ ပန်းချီကားတွေကို တွေ့ဖူးကြပါလိမ့်မယ်။ ပညာခေတ်ကိုး။ ပညာရပ်ဆိုင်ရာ အကြောင်းပညာတွေ ကျယ်ပြန့်တာလည်း ဖြစ်တာကိုး။

ဒီနေရာမှာ ပြတဲ့ ပန်းချီပုံဟာ မိုင်ငါးထောင်တင်မက ဝေးတဲ့နေရာမှာ တစ်ချိန်တည်း တစ်ပြိုင်တည်း ကြည့်ခွင့်ရနေတဲ့ခေတ်မှာ ခင်ဗျား ဒါတွေကို ဒီပန်းချီတွေကို မတွေ့ဖူးပါဘူးလို့ ပြောလိုက်ရင် ခင်ဗျားက ငြင်းမှာမဟုတ်လား။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုလည်း သိပါတယ်။ ဒီပန်းချီပုံတွေကို မသိတာ၊ မမြင်ဖူးတာတော့ ဧကန်ဟုတ်တယ်နော်။

ဟော့လူ အပြောမကျယ်နဲ့၊ ကျုပ်တို့မသိတာ ဘာမှကိုမရှိတာ၊ အားလုံးသိတယ်၊ မသေမချင်းမှတ်လို့ ပြောရင်လည်း ကျွန်တော်က ဘာမှမပြောဘဲ ဒီစာအုပ်လေးကို ထုတ်ပြမှာပါ။ ဟုတ်ပါတယ်၊ ဒီစာအုပ်လေးဟာ ခင်ဗျားတို့သိထားတဲ့ ပန်းချီပညာပေးစာအုပ် မဟုတ်ပါဘူး။ ရေးဆွဲနည်းသင်တန်းမှုလည်း မဟုတ်ပါဘူး။ ခင်ဗျားတို့သိဖို့ မပြောနဲ့ ကျွန်တော်တို့ နိုင်ငံမှာတောင်မှ အရမ်းဝါသနာပါတဲ့

## စမပန်းချီ

လောကီပညာရှင်တချို့သာလျှင် **စုဆောင်းလို့ရှုက်ထားတဲ့** အတတ်ပညာရပ်ဆိုင်ရာ ပန်းချီလေးတွေဖြစ်လို့ပါ။

ဒီစာချက်နှာရဲ့ အနောက်က ပုံတွေကို မြန်မာ့ပညာရှင်တွေက (**စမပန်းချီ**) လို့ ခေါ်ပါတယ်။ စဆိုတာ အကြောင်းအားလျော်စွာ အားရှိစေတဲ့ အက္ခရာတွေ ပေါ် အခြေခံပြီး ရေးခွဲထားတဲ့ ပန်းချီတွေဖြစ်လို့ပါပဲ။

**ရှားပါးတဲ့ အတတ်ပညာရပ်တစ်ခုကို** တင်ပြရတာ ကျွန်တော် ဝမ်းသာပါတယ်။ ကျေလည်း ကျေနပ်ပါတယ်။ လောကီပညာဆိုင်ရာ အတတ်ပညာရပ် အမျိုးမျိုးထဲမှာ တန်ခိုးရှိတယ်၊ တန်ခိုးကြီးတယ်၊ အကျိုးထူးတယ်၊ လောကီဆိုင်ရာ ကိစ္စတွေမှာ ထဲကောင်းစေတယ်လို့ ယူဆထားကြတဲ့ ဒီပုံလေးတွေဟာ တကယ် **တော့ ပန်းချီလေးတွေပါပဲ။**

လူရုပ်ပုံတွေ၊ ရဟန်းသံဃာပုံတွေ၊ ဘီလူးပုံတွေ၊ နဂါးပုံတွေ၊ နတ်ပုံတွေ ဘိုးတော်ပုံတွေ၊ မယ်တော်ပုံတွေ၊ တိရစ္ဆာန်ပုံမျိုးစုံတွေအားလုံးကို ဆောင်ချင်သူတွေ ဆောင်ဖို့ စီစဉ်ပေးတဲ့ပန်းချီတွေပါ။ ဒီပန်းချီပုံအားလုံးကို မြန်မာအက္ခရာတွေနဲ့ ရေးခွဲခဲ့ကြတာချည်းပါပဲ။ အင်မတန်မှ ပီပြင်တဲ့ ရုပ်ပုံလေးတွေအားလုံးကို မြန်မာ **အက္ခရာ ၃၃ လုံးနဲ့ချည်း ရေးခွဲတာပါလို့ပြောရင်** ယုံကြည်နိုင်ပါ့မလား။

ဟုတ်ပါတယ်။ ဒီစာအုပ်လေးကို ခင်ဗျား ဖတ်နေရတဲ့အချိန်မှာ ခင်ဗျားရဲ့ စိတ်ကူးလောကထဲမှာ မြန်မာပြည်က မြန်မာပိုင် ပန်းချီပုံလေးတွေ တန်းစီပြီးလာနေမှာ သေချာပါတယ်။

ကျွန်တော်တို့ရဲ့ နိုင်ငံလို့ ပြောတာဟာ မြန်မာနိုင်ငံတော်ကို ပြောတာပါ။ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ယိုးဒယားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေနဲ့ မြေခြင်းဆက် သွယ်ထားပါတယ်။ တိုင်းရင်းသားပေါင်း ၁၃၅ မျိုး စုပေါင်းနေထိုင်ကြတဲ့ ဖြည်ထောင် စုနိုင်ငံတော်ကြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ် ပြီးတော့ ရှေးဟောင်းမြို့တွေ၊ ရှေးဟောင်းပစ္စည်းတွေ၊ ရှေးဟောင်းနန်းတော်ကြီး တွေ၊ ရှေးဟောင်းအတတ်ပညာမျိုးစုံ ပြန့်ပွားနေတဲ့ နိုင်ငံတော်ကြီးဖြစ်ပါတယ်၊

အင်မတန်မှ ရိုးသားပြီး နားအေးပါးအေးနေတတ်တဲ့ စေတနာအားထက် သန်တဲ့ မြန်မာလူမျိုးတွေဟာ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြပါတယ်။ မြန်မာ တစ်နိုင်ငံလုံးမှာ ပြုံးနေတဲ့ မျက်နှာနဲ့၊ ရယ်နေတဲ့နှုတ်ခမ်းတွေရယ်၊ စိတ်ကောင်း နှလုံးကောင်းထားတတ်တဲ့ မြန်မာစိတ်ဓာတ်ကို တွေ့ရမှာဖြစ်ပါတယ်။

## စမပန်းချီ

လာသမျှပုဂ္ဂိုလ်တွေအားလုံးကို စေတနာကောင်းကောင်းနဲ့ ကျွေးမွေးချင်ကြပြီး အလှူအတန်းမှာ ရက်ရောလွန်းတဲ့ လူမျိုးတစ်မျိုးလည်း ဖြစ်ပါတယ်။

အခု ခင်ဗျားတို့ရဲ့ဆန္ဒလည်း ပြည့်ဝမှာပါ။ ရောင့်ရဲတင်းတိမ်ပြီး အရာရာ အပေါ် ခွင့်လွှတ်ကျေနပ်လွယ်တဲ့ မြန်မာလူမျိုးတွေရဲ့ ကိုယ်ပိုင်အတတ်ပညာရပ် တချို့နဲ့ မိတ်ဆက်ပေးတာကို သိခွင့်ရလို့ပါပဲ။

ဒီစာအုပ်ပါ အကြောင်းအရာတွေအားလုံးဟာ မြန်မာအက္ခရာအမျိုးမျိုးနဲ့ ရေးဆွဲထားတဲ့ ပန်းချီတွေကို တင်ပြမှာဖြစ်ပါတယ်။ မြန်မာအက္ခရာတွေဟာ မျဉ်းကွေး တွေနဲ့၊ စက်ဝိုင်းတွေရဲ့ အခြေခံနဲ့ ဖော်ကျူးထားတာဖြစ်ပါတယ်။

ပန်းချီပညာအရပဲကြည့်ကြည့် တန်ခိုးအတွက် အဆောင်တစ်ခုအနေနဲ့ပဲ ကြည့်ကြည့် ကြည့်တဲ့ဖက်မှာ ခင်ဗျားကြည့်ချင်တာကို မြင်မှာဖြစ်ပါတယ်။ ကျွန်တော်မြင်တဲ့ဖက်ကို ခင်ဗျားကြည့်သိရင် ခင်ဗျားအတွက် အကျိုးမယုတ်သလို ခင်ဗျားလှမ်းကြည့်လိုက်တဲ့ဘက်ကို ကျွန်တော့်အား ပြမိရင်လည်း ကျွန်တော့်အတွက် လည်း အကျိုးမယုတ်ပါ။ အဲ ကြည့်မိဖို့ပဲ လိုပါတယ်။

အရှေ့ကကြည့်ကြည့်၊ အနောက်ကကြည့်ကြည့်၊ အောက်ကကြည့်ကြည့်၊ အပေါ်ကကြည့်ကြည့် ဘက်စုံကမြင်မှာ သေချာပါတယ်။ အဲဒီအမြင်အားလုံးသည် လည်း ခင်ဗျားရင်ထဲက စူးဝင်သွားမဲ့ အမှန်တရားမြားတစ်စင်းပဲ ဟုတ်ပါလား။

ကဲ အိုင်တီခေတ်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးရာကျော်လောက်ကတည်းက ကျော်ကြားနေတဲ့ စမပန်းချီအကြောင်းကို ပြောရင်း ပြရင်း ခဏသွားလည်ကြပါစို့ လား။ ဒါဟာ အိုင်တီရဲ့ အကျိုးပါပဲ။


[illegible]


**ကြီးလေးကြီး စမပန်းချီ**


မြန်မာ့ဗျည်းအက္ခရာမှာ (ကြီး)ပါတဲ့ ဗျည်းအက္ခရာ လေးလုံး ရှိတာကို သတိပြုမိပါလိမ့်မယ်။ အဲဒါ (ကြီး)ပါတဲ့ ဗျည်းတွေဟာ တခြား ဗျည်းတွေထက် အားရှိတယ်လို့ မြန်မာ့လောကီပညာရှင်တွေက ယုံကြည်ပါတယ်။ ဒါကြောင့်လည်း အဲဒါကြီးပါတဲ့ အက္ခရာလေးလုံးဖြစ်တဲ့ (က) (ဃ) (ဏ) (ဋ) လေးလုံးကို တလေးတစား နေရာပေးပြီး ပန်းချီတွေ ရေးပြခဲ့ပါတယ်။

ဒီကြီးလေးကြီးစမကို ဘုန်းတန်ခိုးကြီးခြင်း၊ ဥာဏ်ကြီးခြင်း၊ ပညာကြီးခြင်း၊ ဩဇာကြီးခြင်းတို့နဲ့ စပ်လျဉ်းပြီး ကောင်းတယ်လို့ ယူဆလက်ခံထားကြပါတယ်။ လောကီပညာရှင်တွေက သူတို့အတွေ့အကြုံနဲ့ သူတို့ ဝေနေယျမိတ်ဆွေတွေ အားကိုးသူတွေကို အောက်ပါ စမပန်းချီတွေကို ပေးလေ့ရှိပါတယ်။ အန္တရာယ်ကင်းတာ၊ ဘေးကင်းတာ၊ ရန်ကင်းတာတွေကို ယုံကြည်သူတွေက ဆောင်လေ့ရှိပါတယ်။ ပန်းချီအနေနဲ့ ကြည့်ရင် အင်မတန်မှ စိတ်ဝင်စားစရာကောင်းပါတယ်။


ဥပမာ - အောက်ပါပုံ (၇) ပုံကို ကြည့်ပါ။ အားလုံး ကြီးလေးကြီးဖြစ်တဲ့ (က) (ဃ) (ဏ) (ဋ) လေးလုံးကို အခြေခံပြီး ရေးထားတဲ့ စမပန်းချီတွေ ရှိသလို လောကီပညာဘက်ကို ကဲပြီးရေးကြတဲ့ ပန်းချီတွေလည်း ရှိပါတယ်။ ပန်းချီပုံလေး (၇) လုံးစလုံးဟာ လက်ဝယ်ထားရင် ကောင်းစေမယ်ဆိုတဲ့ မျှော်လင့်ချက်အတွက် ထားတဲ့ပန်းချီပါ။ ပန်းချီအနေနဲ့ လေ့လာရင် အင်မတန်မှ လက်ရာကောင်းတဲ့ ဒီဇိုင်း တွေ့ရမှာဖြစ်ပါတယ်။







အောက်ပါ ပန်းချီကား (၄) ပုံကတော့ စောစောကပြောထားတဲ့ (က) (ဃ) (ဏ) (ငွ) အက္ခရာလေးလုံးလိုပဲ မျဉ်းတစ်ကြောင်းထဲနဲ့ ပြီးအောင်ရေးပြတဲ့ ပန်းချီကားတွေပါပဲ။ ဒါ ပန်းချီကားတွေလည်းပဲ စောစောက ပန်းချီကားလေးတွေနဲ့ မခြား အဆောင်အဖြစ်ဆောင်ကြတာ တွေ့ရပါလိမ့်မယ်။



အမှတ် (၁) အမျိုးအစားက ဘေးအန္တရာယ်ရှိတဲ့ နေရာကို သွားတဲ့အခါ ဆောင်သွားဖို့ အကြံပေးရင်းနဲ့ ဆောင်ခိုင်းတဲ့ပန်းချီပါ။

အမှတ် (၂) အမျိုးအစားက အိမ်မှာ အနှောက်အယှက်ကင်းပြီး အိမ်တံခါးပေါက်မှာ ကပ်စေတဲ့ ပန်းချီပါ။

အမှတ် (၃) နဲ့ (၄) အမျိုးအစားက အရာဝတ္ထုတစ်ခုခုမှာ ရေးစေပြီး ဆောင်စေတာ ဖြစ်ပါတယ်။ ဥပမာ - ဈေးရောင်းကောင်းချင်ရင် ဈေးဗန်းအောက်မှာ ထားခိုင်း ရေးခိုင်းတာပါ။ ဆေးကုချင်ရင် သုံးမယ့်ဆေးပုလင်းမှာရေးပြီး၊ လှူပြီးမှ ဆေးသောက်စေတာမျိုးတွေ လုပ်တာ တွေ့ရပါတယ်။

**စ၊ မ၊ ပ၊ ဝ၊ စမ ပန်းချီ**

လောကီပညာ ယုံကြည်တဲ့သူတွေ တန်ဖိုးအထားဆုံး အက္ခရာလေးလုံးက စ၊ မ၊ ပ၊ ဝ ဖြစ်ပါတယ်။ အားလုံး စက်ဝိုင်းအပိတ်တွေဖြစ်ကာ အဲဒီအက္ခရာလေးလုံးက လောကီပညာမှာ အရေးပါတယ်လို့ ယူဆကြပါတယ်။ အဲဒီအက္ခရာလေးလုံးကို နည်းလမ်းအမျိုးမျိုးနဲ့ ရေးဆွဲကြပြီး ဆောင်ခိုင်းကြပါတယ်။

ဒီလို ဆောင်တဲ့နေရာမှာပဲ အလိုဆန္ဒပြည့်တယ်။ စိတ်ချမ်းသာတယ်။ ဘေးရန်ကင်းတယ်။ ကံကို အထောက်အပံ့ဖြစ်စေတယ်။ ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝတစ်ခုကို ရရှိစေတယ်လို့ ဆိုပါတယ်။

မျဉ်းကြောင်းတစ်ခုတည်းနဲ့ ဒီအက္ခရာလေးလုံးကို ရေးဆွဲတတ်ကြသလို တစ်လုံးခြင်းကို မျဉ်းအသွယ်သွယ်နဲ့ ရေးကြတာလည်း ပါပါတယ်။ ဒီအက္ခရာလေးလုံးကို ဘာဖြစ်လို့ ဒီလောက်နေရာပေးပါသလဲလို့ မေးကြည့်တဲ့အခါ ဒီအက္ခရာလေးလုံးရဲ့ ထူးခြားချက်ကို ပြောပါတယ်။

ဒီအက္ခရာလေးလုံးကို ချပြီးရေးကြည့်ပါ။

| | |
|---|---|
| စ | အင်္ဂါဂြိုဟ်စိုးမိုးတယ် |
| မ | စနေဂြိုဟ်စိုးမိုးတယ် |
| ပ | ကြာသပတေးဂြိုဟ်စိုးမိုးတယ် |
| ဝ | ဗုဒ္ဓဟူးဂြိုဟ်စိုးမိုးတယ် |

အဲဒီဂြိုဟ် ၄ လုံးရဲ့ ဂြိုဟ်သက်တွေ ပေါင်းကြည့်ရင်

| | | |
|---|---|---|
| စ | အင်္ဂါ | ၈ နှစ် |
| မ | စနေ | ၁၀ နှစ် |
| ပ | ၅တေး | ၁၉ နှစ် |
| ဝ | ၄ဟူး | ၁၇ နှစ် |
| | | ၅၄ = ၉ ဂဏန်း |

နဝင်းကြေတဲ့ အက္ခရာလေးလုံးဖြစ်ပါတယ်။

ကမ္ဘာလောကကြီးကို ဓာတ်ကြီးလေးပါး စိုးမိုးထားရာ အဲဒီဓာတ်ကြီးလေးပါးနဲ့ ကင်းတဲ့အရာ မရှိပါလို့ ပြောကြပါတယ်။ မီးဓာတ်၊ ရေဓာတ်၊ မြေဓာတ်ဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတဲ့အပြင် လေးခုစလုံးပေါင်းလိုက်ရင် ဓာတ်ကြီးလေးပါး စုစည်းပြီးသားတစ်ခု ဖြစ်လာပါတယ်။ အခု ဒီအက္ခရာလေးလုံးဟာလည်းပဲ


ခေတ်ကြီးလေးပါး စုစည်းထားတာဖြစ်ပါတယ်။

**မြန်မာ့ရိုးရာဗေဒင်ပညာမှာ**


| | | | |
|---|---|---|---|
| စ | အင်္ဂါ | ဝါယော | လေခေတ် |
| မ | စနေ | တေဇော | မီးခေတ် |
| ပ | ဗုဒ္ဓဟူး | အာပေါ | ရေခေတ် |
| ဝ | ကြာသပတေး | ပထဝီ | မြေခေတ် |

ခေတ်ကြီးလေးပါးကို အဲသလို ခွဲစိတ်ဖြာပြီး ဒီအက္ခရာလေးလုံးဟာ ခေတ်ကြီးလေးပါးစလုံး ပါဝင်တယ်လို့ လက်ခံထားကြပါတယ်။ (တခြားအကြောင်းတွေလည်း အများကြီး ရှိပါတယ်။ အဲဒီဘက်ကို ခေါင်းပေးပြီး ပြောရရင် ပန်းချီပညာ အခန်းကဏ္ဍက ပျောက်သွားပြီး လောကီအဆောင်ယတြာကျမ်း ဖြစ်သွားပါလိမ့်မယ်။ အခါသင့်သလောက်ပဲ ပြောပြထားရတာ။)


စောစောကပြောခဲ့တဲ့ ထူးခြားထတဲ့ စ မ ပ ဝ အက္ခရာလေးလုံးစလုံးအရဖြစ်လာတဲ့ စမပန်းချီတွေကို လေ့လာကြပါစို့။



ပုံ (၁)ဟာ တစ်ကြောင်းတည်းနဲ့ရေးထားတဲ့ စ မ ပ ဝ စမပုံဖြစ်ပါတယ်။ ကြေးပြားမှာ ရေးပြီးဆောင်ထားရင် ဘေးကင်းစေတယ်လို့ ပြောကြပါတယ်။




ပုံ (၂) ဟာလည်းပဲ တစ်ကြောင်းတည်းနဲ့ ရေးဆွဲတာဖြစ်ပါတယ်။ စက္ကူပေါ်မှာ ရေးပြီး အိမ်အဝင်မှာ ကပ်ထားရင် အိမ်ထဲ အနှောင့်အယှက်ဝင်လို့ မရပါလို့ ဆိုပါတယ်။



ပုံ (၃) မှာလည်းပဲ စက္ကူ ငွေပြား၊ ကြေးပြားပေါ် ရေးပြီး ကိုယ်နဲ့အတူ ဆောင်ထားရင် အန္တရာယ်ကင်းတယ်လို့ ပြောကြပါတယ်။



ပုံ (၄)က ငှက်ကလေးစမပန်းချီကတော့ စီးပွားရေးအတွက် ဆောင်တာဖြစ်ပါတယ်။




ပုံ (၅) က စက်ဝိုင်းတစ်ခုထဲမှာ အက္ခရာလေးလုံးကို ရေးဆွဲထားတာဖြစ်ပါတယ်။ ဒီရေးနည်းက တစ်ဆယ့်ရှစ်မျိုးရှိပါတယ်။ နည်းအသွယ်သွယ်နဲ့ ရေးလို့ရပါ တယ်။ မီးဓာတ်ကဲတဲ့စမ၊ ရေဓာတ်ကဲတဲ့စမ၊ လေဓာတ်ကဲတဲ့ စမ၊

မြေခတ်ကဲတဲ့ စမတွေ ရှိပါတယ်။ ဒီဟာတွေအားလုံးဟာ အဆောင်တွေပဲဖြစ်ပါတယ်။




ပုံ (၆) က ဆောင်ရတဲ့ စမပုံပါ။




ပုံ (၇) က တစ်ကြောင်းတည်းနဲ့ ရေးဆွဲထားတဲ့ စမဖြစ်ပါတယ်။ အရောင်းအဝယ်မှာ အကျိုးပေးတယ်လို့ ဆိုပါတယ်။





ပုံ (၈) နဲ့ (၉) ဟာ စီးပွားရေးအတွက် လုပ်ပေးကြတဲ့ စမပန်းချီပါ။



ပုံ (၁၀)ကတော့ ကိုယ်လုံကိုယ်ခံအတွက် ကျောမှာ ရေးထားပေးတဲ့ စမပုံဖြစ်ပါတယ်။


ကျန်တဲ့ပုံတွေလည်းပဲ အဲဒီ စ၊ မ၊ ဗ၊ ဝ ကို အခြေခံပြီး ရေးထားတာဖြစ်ပါတယ်။ ဒီအက္ခရာလေးလုံးဟာ ရိုးရာယုံကြည်မှုထဲမှာ အရေးပါတဲ့ အက္ခရာတွေ ဖြစ်တယ်ဆိုတာ သိထားရင် လုံလောက်ပါတယ်။

### တိရစ္ဆာန်စမပန်းချီ

ပြောပြစရာတွေနဲ့ ပြစရာတွေများတဲ့ ပန်းချီပုံတွေထဲမှာ တိရစ္ဆာန်စမပန်းချီပုံတွေ ပါပါတယ်။ အက္ခရာတွေနဲ့ ရေးဆွဲထားတဲ့ ပန်းချီပညာဟာ အံ့သြစရာပါပဲ။ စိတ်လည်းဝင်စားစရာကောင်းပါတယ်။ ဒီတိရစ္ဆာန်စမပန်းချီတွေဟာ များသောအားဖြင့် လူအရေပြားပေါ်မှာ စုတ်နဲ့ထိုးလေ့တာ များပါတယ်။ ဘေးရန်ကင်းဖို့၊ တန်ခိုးကြီးဖို့၊ သူများချစ်ခင်ဖို့ ရန်သူကိုအောင်နိုင်ဖို့ ရေးပေးတာဖြစ်ပါတယ်။

တချို့ ပန်းချီတွေကိုတော့ အဆောင်အနေနဲ့ ရေးပေးလေ့ရှိပါတယ်။ ယုံကြည်သူတွေကတော့ အဆောင်အဖြစ် ဆောင်ထားကြပါတယ်။ ပန်းချီရေးဆွဲပုံ သဘာဝကျတာကိုက အံ့သြစရာပါ။ ဒီစမပန်းချီအကြောင်းကို သုတေသနပြုတဲ့ အချိန်ကစပြီး တိရစ္ဆာန်စမပန်းချီပုံတွေ အများကြီးရခဲ့ပါတယ်။


စမပန်းချီပုံ တစ်ရာကျော် တွေ့ရတဲ့အထဲမှာ ပုံခြောက်ဆယ်ကျော်ဟာ အင်မတန်မှ အရေးပါလို့ တင်ပြလိုက်ရပါတယ်။



ဤ စာကားတသည့် လိပ်ပြာ မောင်လိပ်ပြာ
မပန်ထဲ ကိုရှား
မပန်ဝိညာဉ်မှာနားပါတော့


### လိပ်ပြာစမပန်းချီ

ဒီပုံလေးက လိပ်ပြာပုံလေးဖြစ်ပါတယ်။ အချစ်အတွက် ဆောင်ရတဲ့ စမဖြစ်ပါတယ်။




**ငှက်စမပန်းချီ**


ဒီပုံက ကိန္နရာငှက်ရဲ့ စမလေးခုဖြစ်ပါတယ်။ ဒီကိစ္စမှာ ပုံတွေကိုလည်း အချစ်ကိုအခြေခံတဲ့ အကြောင်းအရာတွေမှာ သုံးတာဖြစ်ပါတယ်။



**ဂဠုန်ငှက်စမပန်းချီ**

အောက်ပါစမတွေကတော့ ငှက်ဂဠုန်စမတွေဖြစ်ပါတယ်။ခုနစ်ပုံ ပါပါတယ်။ လက်ရာတွေဟာ တစ်ခုနဲ့တစ်ခု မတူတာတွေ့ရပါတယ်။ အဆောင်အတွက် အသုံးပြုတာများပါတယ်။





**နှံ့ပြည်စုတ်ငှက်စမပန်းချီ**


ဒီစမပန်းချီနှစ်ခုဟာ နှံ့ပြည်စုတ်ငှက်ရဲ့ စမပန်းချီဖြစ်ပါတယ်။ အိမ်လုံခြုံတယ်၊ ပြီးတော့ ဘေးကင်းဖို့ အသုံးပြုတာဖြစ်တယ်။






## ကြက်တူရွေးစမပန်းချီ

ဒီပုံက သကုဏလို့ခေါ် ကြက်တူရွေးစမပုံ ဖြစ်တယ်။ အလောင်းအစားမှာ အောင်နိုင်ဖို့ သုံးရတာဖြစ်တယ်။






**ကြက်စမပန်းချီ**

ဒီပုံကတော့ ကြက်ပုံစမဖြစ်ပါတယ်။ ယှဉ်ပြိုင်တဲ့နေရာမှာ အနိုင်ရဖို့ဆောင်ရတဲ့အဆောင်ဖြစ်တယ်။




## ခြသေ့်စမပန်းချီ


ယခုတွေ့ရပြီး စမတွေဟာ ခြသေ့်ပုံကို စမပန်းချီနဲ့ သရုပ်ဖော်ထားတာ ဖြစ်ပါတယ်။ များသောအားဖြင့် လက်မောင်းမှာ၊ လက်ဖြန်မှာ၊ ကျောမှာ ရေးဆွဲတာ များပါတယ်။ ကိုယ်လုံကိုယ်ခံ ရိုးရာသိုင်းပညာရှင်တွေရဲ့ ယုံကြည်မှုစမတွေပါ။





## ကြွက်စမပန်းချီ

ဒီပုံကတော့ ကြွက်ပုံတွေ စမပန်းချီနဲ့ ရေးထားတာဖြစ်ပါတယ်။











**ကျားစမပန်းချီ**

ဒီစမပန်းချီပုံ (၄)ပုံဟာ ကျားကို သရုပ်ဖော်ထားတာဖြစ်ပါတယ်။ ခန္ဓာကိုယ်မှာ ဟင်္သပြဒါးနဲ့ ရေးထိုးလေ့ရှိတဲ့ စမတွေပါ။ ဘေးကင်းဖို့၊ အောင်နိုင်ဖို့ ရည်ညွှန်းပြီး မီးထိုးပြတာပါ။









## ကြောင်စမပန်းချီ

ကြောင်နဲ့ ပတ်သက်တဲ့ စမပုံတွေ အများကြီးတွေ့ရပါတယ်။ အဲဒီစမပန်းချီက ကြောင်မှာ ပေါင်မှာထိုးရတာဖြစ်ပါတယ်။ ပေါ့ပါးလျင်မြန်ဖို့ ရည်ရွယ်ပြီး ထိုးကြတာဖြစ်ပါတယ်။





## ကျားဆစ်ပိုင်းစမပန်းချီ

ဒီစမပန်းချီကတော့ ကျားရဲ့သရုပ်သဏ္ဍာန်ကျ အပိုင်းလိုက်ထိုးထားတာ ဖြစ်ပါတယ်။

လက်ယာလက် လက်ဝဲလက်


ဘယ်ခြေ၊ ညာခြေ

မီးညောင်

ခါးလည်


ခေါင်းမှာ ထိုးရတာဖြစ်တယ်။


သိုင်း မော်ပညာအတွက် ထိုးကြတာဖြစ်တယ်။ ဒါကို ယုံကြည်ပြီး အစိဥ္စာန်ကြီးမားစွာ ဝင်နိုင်မှ ထိုးရတာဖြစ်တယ်။



**ပဥ္စရူပခေါ် တိရစ္ဆာန်ငါးမျိုးပေါင်းသတ္တဝါရဲ့ စမပန်းချီ**


ဒီတိရစ္ဆာန်ကတော့ မိကျောင်း၊ ခြင်္သေ့၊ ဝံ၊ မျောက်တို့နဲ့ ငါးမျိုးပေါင်း သတ္တဝါရဲ့ပုံကို ဖေါ်ထားတဲ့ စမပန်းချီဖြစ်ပါတယ်။ ရိုးရိုးလေးဘက်သွားသတ္တဝါတွေနဲ့ မတူပါ။ အဲဒါ ထူးခြားချက်ပါ။





**မြွေနဂါးစမပန်းချီ**


ဒီပုံတွေက မြွေနဂါးကို သရုပ်ဖေါ်ထားတာဖြစ်တယ်။












**ထူးခြားတဲ့စမအခါ**


ဒီစမပန်းချီတွေက ပေါင်၊ ခါး၊ ကျော၊ လက်ပြင်၊ လက်မောင်းမှာ ထိုး တာဖြစ်တယ်။ ရှေးအက္ခရာတွေကို လေ့လာပါ။





**မျောက်စမပန်းချီ**

အောက်ပါစမပုံတွေဟာ မျောက်ကို ပုံဖော်ထားတာဖြစ်ပါတယ်။



**လူခြင်္သေ့ပန်းချီ**

လူခြင်္သေ့ဆိုတာ လူကိုယ်ရဲ့ခြင်္သေ့စိတ် ရှိစေတဲ့အတွက် သတ္တိဗျတ္တိအရ မှာ အသုံးပြုတဲ့ စမပန်းချီဖြစ်ပါတယ်။ တန်ခိုးအာဏာကြီးစေဖို့ ဖြစ်ပါတယ်။


စမပန်းချီလောကမှာ ခန္ဓာကိုယ်ပေါ်မှာ ထိုးရတဲ့ စမတွေထဲမှာ တိရစ္ဆာန်

စမတွေ ပါဝင်ပါတယ်။ စည်းကမ်းတွေအများကြီးပါ။ အမိဋ္ဌာန်တွေ အများကြီး ဝင့်ရပါတယ်။ ပြီးရင်လည်း စောင့်ရှောက်ရတဲ့ စည်းကမ်းတွေ အများကြီးပါ။ စောင့်ထိန်းနိုင်မှ ထိုးထားတဲ့စမတွေက အကျိုးပေးပါတယ်။ နို့မဟုတ်ရင်တော့ နာတာပဲ အဖတ်တင်ပါလိမ့်မယ်။


## မယ်တော်စမပန်းချီ

လောကီပညာရပ်မှာ မယ်တော်တွေကို စမပန်းချီရေးဆွဲပြီး ဆောင်ကြ၊ ကိုးကွယ်ကြတာ မဆန်းကြပါဘူး။ အထူးသဖြင့် မယ်တော်ဟာ မိခင်ကိုယ်စားပြုတာ ဖြစ်ပါတယ်။ အခုပြောပြမယ့် စမပန်းချီတွေဟာ မယ်တော်တွေကို အကြောင်းပြုပြီး ရေးဆွဲကြတာ ဖြစ်ပါတယ်။


ပထမအုပ်စုဟာ လောကီပညာရှင်တွေကိုးကွယ်တဲ့ ဒေဝီကိုးပါးစမပန်းချီ ဖြစ်ပါတယ်။




၁။ သူရဿတီမယ်တော်



၂။ မိဂူရာမယ်တော်




၃။ မဏိမေခလာမယ်တော်



၄။ သုန္ဒရီမယ်တော်



၅။ သီရိမယ်တော်



၆။ ဂဟာပတနီမယ်တော်




၇။ စဋ္ဌီမယ်တော်




၈။ စန္ဒာမယ်တော်

ပုံတွေဖြစ်ပါတယ်။ အဲဒီဒေဝီကိုးပါးဟာ လောကီပညာမှာ သူ့နေရာနဲ့သူ အသုံးကျတယ်လို့ ဆိုပါတယ်။ ဥပမာ သီရိမယ်တော်ဟာ ငွေကြေးဥစ္စာပေါ်များပြီး၊ စန္ဒီမယ်တော်ဟာ ရန်သူကို နှိမ်နင်းပေးပါတယ်။ သူရသတီမယ်တော်ဟာ ပညာအရာမှာ အတော်အားပေးတယ်လို့ ယုံကြည်ကြပါတယ်။


ဖ ဝ သာ လော ယ






အခုဆက်ပြီးပြောပြမဲ့ မယ်တော်တွေကတော့ လောကီကျင့်စဉ်အရ ကိုးကွယ်ကြတဲ့ မယ်တော်တွေဖြစ်ပါတယ်။ မယ်တော်ပုံ (၂၄) ပုံ ပါပါတယ်။ အားလုံးဟာ ဆောင်လို့ကောင်းတဲ့ပုံတွေ ဖြစ်ပါတယ်။ အဆောင် ကို ဖယ်ထားပြီး စမနဲ့ မယ်တော်ပုံဖော်ထားပုံကို လေ့လာပါ။


**ဘီလူးစမပန်းချီ**

မြန်မာအနုပညာလောကမှာ ဘီလူးပုံရေးရတာ ခက်ခဲတယ်လို့ ဆိုပါ တယ်။ ဒါပေမဲ့ ရေးသူတို့ ဘီလူးကို ချစ်စရာအဖြစ် သရုပ်မဖော်ကြဘဲ ကြောက်စရာအဖြစ်၊ ကြမ်းတမ်းသူအဖြစ် သရုပ်ဖော်လေ့ရှိကြပါတယ်။ အခု ဘီလူး စမပန်းချီမှာလည်း အဲသလိုပါပဲ။ ရက်စက်ကြမ်းတမ်းရဲ့သရုပ်ကို ဖော်ပြထားတာ တွေ့ရပါတယ်။


ဒီ ဘီလူးစမပန်းချီမှာ ပုံ (၄) ပုံ ပါပါတယ်။




၁။ ဘီလူးဘုရင်စမ



၂။ နတ်ဘီလူးစမ



၃။ တန်ခိုးကြီးတဲ့ဘီလူးစမ



၄။ ဘီလူးစမပုံတွေဖြစ်ပါတယ်။

ဒီနတ်ဘီလူးစမတွေကို အတိုက်အခံအတွက်၊ ရန်အတွက် အသုံးပြုကြတာ များပါတယ်။ (နည်းစနစ်ကို မပြောပြတာ မကောင်းကြံတဲ့သူတွေဖြစ်လို့ပါ) ဗဟု သုတအဖြစ် ဘီလူးစမတွေပုံတွေကို သိထားရင် လုံလောက်ပါတယ်။

## သူရဿတီပန်းချီ


အိန္ဒိယနိုင်ငံရဲ့ ယဉ်ကျေးမှုဓလေ့ ကိုးကွယ်မှုဓလေ့ဟာ အာရှတစ်လွှားမှာ
သွန်သင်မှုဟန်နဲ့ ပြန့်ပွားခဲ့တာ စာဖတ်သူအားလုံးအသိပါပဲ။ ကိုးကွယ်မှုတွေထဲ
မှာ ဗုဒ္ဓဝါဒကလွဲလို့ အထင်ရှားဆုံးကတော့ သူရဿတီမယ်တော်ဖြစ်ပါတယ်။
မြန်မာ့လောကီပညာရှင်တွေက သူရဿတီမယ်တော်ဟာ အတတ်ပညာမျိုးစုံကို
စောင့်ရှောက်တယ်။ လောကီပညာကို စောင့်ရှောက်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့
တလေးတစား ကိုးကွယ်ကြပါတယ်။

မြန်မာ့လောကီပညာကို လိုက်စားသူများရဲ့ ဉာဏ်ကြီးမှုဟာ အံ့မခန်းစရာ
ပါပဲ။ မြန်မာယဉ်ကျေးမှုဓလေ့မှာ သူရဿတီမယ်တော်ဟာ ဟင်္သာကိုစီးပြီး
ပိဋကတ်သုံးပုံကို ကလပ်ပေါ်တင်ပြီး စောင့်ရှောက်ကြတယ်ဆိုပြီး ယုံကြည်ကြပါ
တယ်။ ယုံကြည်သလိုပဲ ထုလုပ်ကိုးကွယ်ကြပါတယ်။

သူရဿတီမယ်တော်နဲ့ ပတ်သက်တဲ့ စမပန်းချီပေါင်းတွေ အများကြီးထဲ
က တချို့တစ်ဝက်ကို တင်ပြချင်ပါတယ်။ အောက်ပါ သူရဿတီမယ်တော်ပန်းချီကို
လေ့လာပါ။ မယ်တော်ဟာ ပဆစ်ဒူးတုပ်ထိုင်ထားတာ တွေ့ရပါတယ်။ နွဲ့နွဲ့နှောင်း
နှောင်း ကနွဲ့ကလျ ထိုင်ထားတာဖြစ်ပါတယ်။

ရေးထားတဲ့ပုံမှာ အားလုံးအက္ခရာနဲ့ တည်ဆောက်ထားပါတယ်။ ဗျည်း
အပြင် သရတွေလည်း ပါတာတွေ့ရပါတယ်။ ဒီစမပန်းချီပုံတွေကို ပညာသင်တဲ့နေရာ
မှာ ဆောင်ခိုင်းတာ တွေ့ရပါတယ်။ ယုံကြည်သူအချို့ကတော့ တလေးတစားဆောင်
ထားလေ့ရှိပါတယ်။

ပညာသင်တဲ့နေရာမှာ စကားပြောတဲ့နေရာမှာ၊ ယှဉ်ပြိုင်တဲ့နေရာတွေမှာ
သူ့စမပန်းချီနဲ့သူ ပူဇော်ခိုင်းတာ တွေ့ရပါတယ်။ ဗျည်းအက္ခရာ ၂၅ လုံးမှ ၃၀
လုံးအထိ သုံးပြီးရေးထားပါတယ်။ သရကတော့ ၃ လုံးမှ ၈ လုံးအထိ ပါဝင်ပါ
တယ်။




**နတ်ဒေဝတာစမပန်းချီ**

ဟောဒီစမပန်းချီပုံတွေက လောကီပညာရှင်တွေ သတ်မှတ်ထားတဲ့ **နတ်**တွေပုံနဲ့ စပ်လျဉ်းတဲ့ **စမပန်းချီဖြစ်**ပါတယ်။ ဒီနတ်တွေဟာ သရဲ၊ တစ္ဆေ စသဖြင့် သေပြီးဖြစ်လာတဲ့ နတ်တွေမဟုတ်ဘဲ ကျင့်ကြံရင်း ထွက်ရပ်ပေါက်ရင်း ဘဝအဆင့်ဆင့်ကူးပြောင်းလာတဲ့ နတ်ကောင်းနတ်မြတ်တွေ ဖြစ်ပါတယ်။ **နတ်ဒေဝတာ**ပုံ ၂၅ ပုံထက်မနည်း ပါဝင်ပါတယ်။ နတ်ပုံတွေသာ ထုတ်သယောင်ထင်ရပြီး အက္ခရာ မတူပါ။ ဗျည်းအရ မတူပါ။ ဒီစမပန်းချီမှာ နတ်တို့ပြုလုပ်ပေးနိုင်တဲ့ သဘောကို ပြောလို့ရပေမယ့် တချို့စမတွေကတော့ ကောင်းတယ်လို့သာ ပြောတဲ့ရတဲ့ အနေအထားဖြစ်ပါတယ်။

ဒီနတ်စမပန်းချီမှာ ပုံ ၂၆ ပုံ ပါပါတယ်။ ဒီစမပန်းချီတွေထဲက




၁။ လိုရာပြီးမြောက်စေတဲ့ နတ်မင်း



၂။ တန်ခိုးကြီးတဲ့ နတ်မင်း



၃။ ဆေးကုပေးတဲ့နတ်မင်း



၄။ ကျန်းမာရေးကောင်းစေတဲ့နတ်မင်း




၅။ ပြုပြင်တည်ဆောက်လို့ရတဲ့ နတ်မင်း



၆။ ဉာဏ်ကိုကြီးစေတဲ့နတ်မင်း




၇။ မနောအထိ သိမြင်နိုင်တဲ့နတ်မင်း



၈။ အမှန်တရားကို နှစ်သက်တဲ့နတ်မင်း



မျှတတဲ့နတ်မင်း




၁၀။ သဘောမျှတတဲ့နတ်မင်း



၁၁။ ငွေကြေးကိုပေးနိုင်တဲ့ နတ်မင်း



၁၂။ အသက်ကိုရှည်စေနိုင်တဲ့နတ်မင်း



၁၃။ အစာအဟာရကိုပေးစေတဲ့နတ်မင်း




၁၄။ သြဇာအာဏာကိုပေးစေတဲ့နတ်မင်း



၁၅။ လူချစ်လူခင်ပေါများစေတဲ့နတ်မင်း



၁၆။ တန်ခိုးပြနိုင်တဲ့နတ်မင်း






၁၇။ အကြံအစည်တွေအောင်မြင်စေတဲ့နတ်မင်း ၁၈။ အောင်မြင်စေတဲ့နတ်မင်း




၁၉။ စောင့်ရှောက်တဲ့နတ်မင်း




၂၀။ တရားမျှတတဲ့နတ်မင်း





၂၁။ ကမ္ဘာကိုစောင့်ရှောက်တဲ့နတ်မင်း






၂၂။ အသက်ကိုစောင့်ရှောက်တဲ့နတ်မင်း ၂၃။ တန်ခိုးကြီးတဲ့နတ်မင်း







၂၄။ ယုဂ်ကို စောင့်ရှောက်တဲ့နတ်မင်း ၂၅။ အောင်ခြင်းကိုပေးတဲ့နတ်မင်း



၂၆။ ပိသနိုးနတ်မင်း



သိကြားစမ တန်ခိုးပြ




နတ်ဒေဝတာတွေ အများကြီးရှိရာ လူတွေဆောင်လို့ကောင်းတဲ့ နတ်စမပန်းချီကို တင်ပြရတာဖြစ်ပါတယ်။ အကျိုးမရှိဘဲ တန်ခိုးမရှိဘဲ အကြောင်းမရှိဘဲ ဒီပုံတွေဖြစ်လာမှာတော့ မဟုတ်ပါ။ ဒါကိုက ဒီပန်းချီရဲ့ လျှို့ဝှက်ချက်ပါ။

### ဇော်ဂျီပုံစမပန်းချီ

လောကီပညာကို လိုက်စားတဲ့ သုတေသီတွေက ဇော်ဂျီကို ယုံကြည်ကြပါတယ်။ ဇော်ဂျီဟာ အကြောင်းအရာတစ်ခုပေါ်မှာ ကျွမ်းကျင်တတ်မြောက်သွားတဲ့အပြင် မြေလျှိုး မိုးပျံ အမျိုးမျိုးလုပ်နိုင်တယ်လို့ ဆိုပါတယ်။ သူတို့တွေမှာ တန်ခိုးရှိတယ်။ လူတွေအပေါ် ကောင်းကျိုးချမ်းသာ လုပ်ပေးနိုင်တယ်လို့ ဆိုပါတယ်။


ဇော်ဂျီကို လူတွေဟာ ဇော်ဂျီအဖြစ် မမြင်ရတတ်ပါ။ ဇော်ဂျီက မြင်စေချင်မှ မြင်ရတယ်လို့ ဆိုပါတယ်။ အောက်ပါ ဇော်ဂျီစမပုံတွေကိုကြည့်ခြင်းအားဖြင့် ဇော်ဂျီတွေဟာ တစ်ဦးနဲ့တစ်ဦး မတူတာကို တွေ့ရပါလိမ့်မယ်။

အောက်ပါဇော်ဂျီစမပုံ (၂၃) ပုံဟာ တစ်ခုနဲ့တစ်ခု မတူတာ တွေ့ရပါတယ်။ အောက်ပါပုံတွေကို ကြည့်ပါ။




၁။ ဒီဇော်ဂျီပုံဟာ အသက်ရှည်ရာမှာ အသုံးချရတာဖြစ်ပါတယ်။ ဥပမာ ကျန်းမာရေးကောင်းချင်ရင် ဒီပုံကိုရေးဆွဲပြီး ဆောင်ထားရပါတယ်။ လူအမျိုးမျိုးက ကာင်းဝေးစေပါလိမ့်မယ်။


စမပန်းချီ





၂။ ဇော်ဂျီရဲ့သားလို့ ခေါ်ရတဲ့ ဇော်ဂျီစမပန်းချီဟာ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။




၃-၄-၅။ ဒီဇော်ဂျီကို မဟိဒ္ဓိဇော်ဂျီလို့ ခေါ်တယ်။ တန်ခိုးကြီးတဲ့ဇော်ဂျီတွေ ဖြစ်ပါတယ်။ မဟိဒ္ဓိသိဒ္ဓိနဲ့ ပြည့်စုံတဲ့အတွက် ဒီဇော်ဂျီပုံကိုဆောင်ရင် လိုရာရောက်တယ်လို့ ဆိုပါတယ်။












၆။ ဒီဇော်ဂျီပုံကတော့ သိဒ္ဓိရှင်ကို ဇော်ဂျီပုံဖြစ်ပါတယ်။




၇။ ကိုယ်ဆန္ဒရှိသလို လုပ်နိုင်စွမ်းပါရှိတဲ့ ဒီစမတွေကို စီးပွားရေးသမားတို့ ဆောင်လေ့ရှိကြတာ တွေ့ရပါတယ်။




၈-၉-၁၀-၁၁။ ဒီဇော်ဂျီကတော့ ကုဏ္ဍာသယဇော်ဂျီလို့ ခေါ်တယ်။ လိုတာ အားလုံး ရစေတဲ့ ဇော်ဂျီစမ ဖြစ်ပါတယ်။





၁၂။ ဒီပုံကတော့ ဇော်ဂျီတို့ရဲ့ မင်းဖြစ်တဲ့ ဇော်မင်းစမကို ရေးဆွဲထားတာဖြစ်ပါတယ်။ အဆောင်ကောင်းလို့ ကြားဖူးပါတယ်။





၁၃-၁၆ ထိ။ ဒီဇော်ဂျီတွေကတော့ လိုတရအစွမ်းရှိတဲ့ ဇော်ဂျီပုံဖြစ်ပါတယ်။ ရည်ရွယ်ချက်အောင်မြင်လိုသူတိုင်း ဆောင်ထားရမှာဖြစ်ပါတယ်။







၁၇-၂၃ ထိ။ ဒီဇော်ဂျီပုံတွေကတော့ ပညာရေးနဲ့ စပ်လျဉ်းပြီး အကျိုးပေးတဲ့ ဇော်ဂျီပုံတွေပါ။ တက္ကသိုလ်ဇော်ဂျီလို့ခေါ်တယ်။

ဇော်ဂျီတွေဟာ ဂူ၊ တောင်စောင်း၊ သစ်တော၊ သစ်ပင်ကြီးတွေမှာ လူတို့ သိချင်တဲ့ အတတ်ပညာတစ်ခုကို ပြီးပြတ်အောင်လုပ်တတ်တယ်လို့ ဆိုပါတယ်။ လေ့လာစရာကောင်းပါတယ်။ စိတ်ဝင်စားရင် စမ်းသပ်ကြည့်လို့ရပါတယ်။


## ပြဟ္မာပုံစမပန်းချီ

ပြဟ္မာပုံ ကိုးပုံကို လေ့လာကြည့်ရင် ထူးခြားတာတွေ အများကြီး တွေ့ရပါတယ်။ ထိုင်တဲ့ပြဟ္မာ၊ ရပ်တဲ့ပြဟ္မာ၊ တောင်ဝှေးကိုင်တဲ့ပြဟ္မာ စမပန်းချီပုံတွေ အများကြီး တွေ့ရပါလိမ့်မယ်။






ပြဟ္မာဆိုတာ မြန်မာတွေက သူတော်စင်လို့ သတ်မှတ်ထားကြပါတယ်။ ဒီပြဟ္မာ စမပန်းချီပုံတွေကို ဆောင်ထားရင် ကံကောင်းစေတယ်လို့ ဆိုပါတယ်။ ဒီပြဟ္မာပုံစမတွေဟာ ကောင်းတဲ့အကြောင်းအရာပေါ်မှာ အသုံးပြုရတာဖြစ်ပါတယ်။




(၃) ဝိဇ္ဇာမဟိဒ္ဓိစမပန်းချီက ဆောင်ထားရင် အားလုံးအဆင်ပြေမယ်လို့ အဆိုရှိပါတယ်။



(၄) ဣဒ္ဓိဒေဝဝိဇ္ဇာဟာလည်းပဲ ဝိဇ္ဇာမဟိဒ္ဓိစမလိုပါပဲ။



(၅) သမဋ္ဌသိဒ္ဓိဝိဇ္ဇာစမရော (၆) မဟိဒ္ဓိသီလဝိဇ္ဇာစမပန်းချီတွေဟာ အားလုံးအကျိုးပေးတဲ့ စမပန်းချီပါ။



(၇) တက္ကသိုလ်ဝိဇ္ဇာစမပုံကတော့ ပညာသင်တဲ့သူတွေကို ဆောင်ထားဖို့ အကြံပေးကြတာ တွေ့ရပါတယ်။

ပန်းချီပညာရပ်နဲ့ ကြည့်ရင် ဒီစမပန်းချီတွေဟာ ဗျည်းအက္ခရာ ၃၃ လုံးနဲ့ သရ ၁၁ လုံးပေါ် အခြေခံပြီး တွဲထားတာပါ။ ယောကျ်ားပုံဒေဝတာ ပုံတွေကို လက်ရာသန့်သန့်ခွဲထားတာ တွေ့ရပါတယ်။

**နတ်ဝိဇ္ဇာစမပန်းချီ**

ဒီမှာ ပုံ (၅) ပုံ တင်ပြလိုက်ရပါတယ်။ အခုပုံတွေက နတ်ဝိဇ္ဇာစမပုံတွေ ဖြစ်ပါတယ်။



၁။ ကမ္ဘာစောင့်နတ်စမပုံ



၂။ သစ်ပင်စောင့်နတ်စမပုံ



၃။ မြေစောင့်နတ်စမပုံ

## ဝိဇ္ဇာစမပန်းချီ

လောကီပညာမှာ အကြောင်းအရာတစ်ခုကို အရမ်းတတ်ကျွမ်းသွားရင် သာမန်ထက်ပိုထူးခြားစွာတတ်ခဲ့ရင် အဲဒီပုဂ္ဂိုလ်ကို ဝိဇ္ဇာမြောက်တတ်ကျွမ်းတယ်လို့ အဆိုရှိပါတယ်။ ဥပမာ - ဆေးကိုကျွမ်းကျင်သူကို ဆေးဝိဇ္ဇာ၊ ဗေဒင်ပညာကို ကျွမ်းကျင်ရင် ဗေဒင်ဝိဇ္ဇာ၊ ပြဒါးကစားခြင်းဖြစ်တဲ့ အဂ္ဂိယတ်အတတ်ပညာကို ကျွမ်းကျင်သွားရင် ပြဒါးဝိဇ္ဇာလို့ ခေါ်ကြပါတယ်။

အတတ်ပညာတိုင်းမှာ ကျွမ်းကျင်တဲ့ ဝိဇ္ဇာတွေရှိပါတယ်။ အချို့ကလည်း နတ်တို့မှတစ်ဆင့် ဝိဇ္ဇာဖြစ်ခွင့်ရသူတွေရှိသလို လူတော်လူကောင်းတွေမှတစ်ဆင့် ဝိဇ္ဇာဖြစ်သွားတဲ့သူတွေလည်း ရှိပါတယ်။ အဲဒါကို လူဝိဇ္ဇာ၊ နတ်ဝိဇ္ဇာလို့ ခေါ်ပါတယ်။

အခု ကျွန်တော်ဖော်ပြတဲ့ ဝိဇ္ဇာတွေကတော့ အကြောင်းအရာပေါင်းစုံမှာ တတ်သိပြီးမြောက်သွားတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ လောကီပညာရှိတွေကတော့ ကိုယ်ကျွမ်းကျင်ချင်တဲ့ အတတ်ပညာနဲ့ စပ်လျဉ်းတဲ့ ဝိဇ္ဇာစမတွေကို ဆောင်ထားရင် အဲဒီအတတ်ပညာမှာ အားရှိစွာ ကျွမ်းကျင်သွားတတ်တယ်လို့ ဆိုကြပါတယ်။ ဥပမာ မဟိဒ္ဓိဝိဇ္ဇာစမဆိုရင် လိုရာသုံး၊ ကြိုက်တဲ့နေရာသုံးလို့ရပါတယ်။ လူ့ခန္ဓာကိုယ်ထဲမှာ အမြဲတမ်း ဆောင်ထားသင့်ပါတယ်။ ဆောင်ထားရင်လည်း အထူးအကျိုးပေးပါတယ်လို့ ဆိုပါတယ်။

**ဒေဝဝိဇ္ဇာ** - ဆိုပါစို့။ နတ်ဒေဝတာမှတစ်ဆင့် အတတ်ပညာတွေပေါ်မှာ အရမ်းကျွမ်းကျင်သွားလို့ ဖြစ်လာတဲ့ ဝိဇ္ဇာပါ။ အဲဒါကို ဒေဝဝိဇ္ဇာလို့ ခေါ်ပါတယ်။

ပုံတွေက

( က ) ဒေဝဝိဇ္ဇာ

( ခ ) ဆေးဝိဇ္ဇာ


( ဂ ) ဝိဇ္ဇာမဟိဒ္ဓိ

( ဃ ) ဣဒ္ဓိဒေဝဝိဇ္ဇာ


( င ) သမဋ္ဌသိဒ္ဓိဝိဇ္ဇာ

( စ ) မဟိဒ္ဓိသီလဝိဇ္ဇာ


( ဆ ) တက္ကသိုလ်ဝိဇ္ဇာ




(၁) အဲဒီဒေဝဝိဇ္ဇာစမကို ဆောင်ထားရင် ဘေးအန္တရာယ်ကင်းတယ်။ မကောင်းဆိုးဝါးတွေ မကပ်နိုင်ဘူး။ ရည်ရွယ်ချက်တွေ အောင်မြင်တတ်တယ်လို့ ဆိုပါတယ်။




(၂) ဆေးဝိဇ္ဇာစမကတော့ ကျန်းမာရေးနဲ့ စပ်လျဉ်းပြီး ဆောင်ရတဲ့စမ ဖြစ်ပါတယ်။ ဆေးကုသူတွေ ဆေးအကုခံရသူတွေအားလုံးအတွက် အကျိုးထူးကို စမတွေလို့ ပြောကြတယ်။




(၃) ဝိဇ္ဇာမဟာဒွိစမပန်းချီက ဆောင်ထားရင် အားလုံးအဆင်ပြေမယ်လို့ အဆိုရှိပါတယ်။



(၄) ဣဒ္ဒိဒေဝဝိဇ္ဇာဟာလည်းပဲ ဝိဇ္ဇာမဟာဒွိစမလိုပါပဲ။



(၅) သမဋ္ဌသိဒ္ဓိဝိဇ္ဇာစမရော (၆) မဟိဒ္ဓိသီလဝိဇ္ဇာစမပန်းချီတွေဟာ အားလုံးအကျိုးပေးတဲ့ စမပန်းချီပါ။



(၇) တက္ကသိုလ်ဝိဇ္ဇာစမပုံကတော့ ပညာသင်တဲ့သူတွေကို ဆောင်ထားဖို့ အကြံပေးကြတာ တွေ့ရပါတယ်။

ပန်းချီပညာရပ်နဲ့ ကြည့်ရင် ဒီစမပန်းချီတွေဟာ ဗျည်းအက္ခရာ ၃၃ လုံးနဲ့ သရ ၁၁ လုံးပေါ် အခြေခံပြီး တွဲထားတာပါ။ ယောကျ်ားပုံဒေဝတာ ပုံတွေကို လက်ရာသန့်သန့်ခွဲထားတာ တွေ့ရပါတယ်။

**နတ်ဝိဇ္ဇာစမပန်းချီ**


ဒီမှာ ပုံ (၅) ပုံ တင်ပြလိုက်ရပါတယ်။ အခုပုံတွေက နတ်ဝိဇ္ဇာစမပုံတွေ ဖြစ်ပါတယ်။




၁။ ကမ္ဘာစောင့်နတ်စမပုံ




၂။ သစ်ပင်စောင့်နတ်စမပုံ



၃။ မြေစောင့်နတ်စမပုံ



၄။ ရုဇနတ်စမပုံ



၅။ မဟာကပိနာနတ်စမပုံတွေ ဖြစ်ပါတယ်။ ဒီစမပန်းချီတွေကို **လောကီ**ချမ်းသာလိုချင်တဲ့ ပညာရှင်တွေကို လူတို့ရဲ့ နည်းစနစ်တွေနဲ့ ဆောင်လေ့ရှိ**ပါ**တယ်။ ဆောင်ခိုင်းလေ့ရှိပါတယ်။ ဆောင်တဲ့သူက ယုံကြည်စွာ ဆောင်တတ်ကြ**လို့** တချို့ကလည်း မျှော်လင့်ချက်နဲ့ ဆောင်ကြပါတယ်။

ထူးခြားတာတစ်ခုက ဒီနတ်ဝိဇ္ဇာတွေက ယောကျ်ားတွေချည်းပဲ ဖြစ်တာပါ။


## ရသေ့စမပန်းချီ

ရသေ့ကို ရိသျှိ (Rishi) လို့ ခေါ်ပါတယ်။ ကျင့်ကြံဆောက်တည်ခြင်းမှ ဓာန်ခိုးတွေရလာတဲ့ သူတော်စင်တွေ အဆင့်ဆင့် ပြင်းထန်တဲ့ ကျင့်စဉ်တွေကို လေးလေးနက်နက် ကျင့်လာပြီး ရလာတဲ့ သူတော်စင်တွေ၊ လူ့ဘဝ၊ လူ့ဝတ်ကြောင်ကို ဖယ်၊ ရဟန်းသံဃာလည်းမဟုတ်၊ ကိုယ့်နည်းနဲ့ ကိုယ့်မူနဲ့ ကျင့်လာကြတဲ့ ပုဂ္ဂိုလ်တွေကို ရသေ့လို့ခေါ်ပါတယ်။


ကျင့်အားကောင်းခဲ့တဲ့ ရသေ့တွေဟာ မြေလျှိုးလို့လည်းရတာ မိုးပျံလို့လည်းရတာ။ လိုအပ်တဲ့ သိဒ္ဓိ၊ ကုဒ္ဓိတွေလည်း ပြလို့ရတဲ့ အတွက် လောကီပညာလိုက်စား သူတွေက အားထားလေ့ရှိပါတယ်။


အကြံအစည်ကောင်း ပြုလုပ်သူတွေအတွက် ရသေ့စမပန်းချီကို စက္ကူပေါ်မှာ၊ ကျောပေါ်မှာ၊ ကြေးပြားပေါ်မှာ၊ ငွေပြားပေါ်မှာ ရေးသားပြီး ဆောင်ခိုင်းလေ့ရှိပါတယ်။ ယုံကြည်သူတွေအတွက်ပေါ့လေ။ တကယ်လို့ မယုံကြည်ဘူးပဲထား၊ ရှားပါးတဲ့ ရသေ့စမပန်းချီတွေကို လေ့လာရတာပေါ့ မဟုတ်ဘူးလား။


အောက်ပါရထားပုံ (၁၅) ပုံကို တင်ပြလိုက်ရပါတယ်။ ပုံသဏ္ဍာန်ချင်း တူသယောင်ရှိပြီး တကယ်တော့တည်ဆောက်ထားတဲ့ အက္ခရာတွေကတော့ မတူပါ။ ယုံကြည်တဲ့သူတွေအတွက် ဆောင်ပါ။ အားလုံးသင့်ပါတယ်။ မယုံကြည် သူတွေက ပန်းချီကားတစ်ချပ်လိုပဲ လေ့လာပါ။









































**ရပ်နေတဲ့နတ်စမပန်းချီ**


ရပ်နေတဲ့ နတ်စမပန်းချီပုံပေါင်း (၅၂)ပုံ ရှိပါတယ်။ အထူးအကျိုးပေးတဲ့ နတ်ပုံတွေဖြစ်ပါတယ်။
































ဒီမှာ ထူးခြားတဲ့ နတ်ပုံနှစ်ပုံ တင်ပြချင်ပါတယ်။ ဒီနတ်စမပန်းချီ
က နတ်ချစ်တဲ့ စမပန်းချီဖြစ်ပါတယ်။








**တစ်ကြောင်းဆွဲစမများ**


အောက်ပုံလေးပုံကတော့ ဘေားရန်ကင်းဖို့ ရေးပြတဲ့ တစ်ကြောင်းဆွဲ စမတွေ ဖြစ်ပါတယ်။


















**ဘေးကင်းစေတဲ့စမများ**

စမတွေအားလုံးဟာ ဘေးရန်ကင်းဖို့ ဆောင်ကြတဲ့ စမတွေ ဖြစ်ပါတယ်။ လက်ရာထူးခြားတာတွေကို တင်ပြရတာဖြစ်တယ်။

ဒီစမတွေအားလုံးဟာ မိသားစုဘဝ လုံခြုံရေး ဘေးကင်းရေး၊ ကံကို ပံ့ပိုးပေးစေဖို့ လုပ်ကြတာဖြစ်ပါတယ်။ အင်မတန်မှ စိတ်ဝင်စားစရာကောင်းပါတယ်။ မြန်မာပညာရှင်တွေရဲ့ ဉာဏ်ကြီးမှု၊ စိတ်ကူးကောင်းမှု၊ လောကီပညာအပေါ်မှာ ယုံကြည်သက်ဝင်မှု၊ တက်ကြွမှုတွေကို သိမြင်ရမှာဖြစ်ပါတယ်။ ဒါက လောကီပညာ ပိုင်းဆိုင်ရာ အတတ်ပညာတွေချည်း ဖြစ်ပါတယ်။

ပုံပေါင်း ၁၀၀ နီးပါး လေ့လာရလို့ ပျင်းသွားပြီလား။ မပျင်းစမ်းပါနဲ့။ လောကကြီးမှာ လေ့လာစရာတွေ အများကြီး ဒီကတွေ့ရလို့ အံ့အားသင့်သွားမှာ သေချာပါတယ်။



ပုဏ္ဏားနက္ခတ်ဗေဒင်ဆရာကြီး ဦးရာမ၏ သား

# ဆရာဒဂုန်

# စမပန်းချီ



***The Mistical Art of Sama***

(၂၀၀၇ ခုနှစ်တွင်ရရှိခဲ့သော လောကီပညာပါရဂူဘွဲ့ယူစာတမ်းမှ)

